**ပြည်တော်သာကျေးရွာ**

**ညောင်ဝိုင်းကျေးရွာအုပ်စု၊လက်ပံတန်းမြို့နယ်**

**ပဲခူးတိုင်းဒေသကြီး**

# ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(၂၀၂၆-၂၀၂၇)

ပြုစုရေးသားသူ

**ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီ**

**ပြည်တော်သာကျေးရွာ၊လက်ပံတန်းမြို့နယ်**

**သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန**

**ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန  အကူအညီဖြင့် ရေးဆွဲပါသည်။**

ရက်စွဲ၊ **၂၀၂၆ ခုနှစ် မေလ**

# မာတိကာ


| စဉ် | အကြောင်းအရာ | |
|---|---|---|
| | **စကားချီး** | ၁ |
| | ပြည်တော်သာကျေးရွာ ကျေးရွာသယံဇာတပြမြေပုံ၊ လက်ပံတန်းမြို့နယ် | ၂ |
| | ပြည်တော်သာကျေးရွာ ကျေးရွာ ရာသီခွင်ပြပြက္ခဒိန် လက်ပံတန်းမြို့နယ် | ၃ |
| | ပြည်တော်သာကျေးရွာ အဖွဲ့အစည်းချိတ်ဆက်ပြပုံ လက်ပံတန်းမြို့နယ် | ၄ |
| ၁။ | **တည်နေရာနှင့် ပထဝီဝင် အနေအထား** | ၅ |
| ၂။ | **ရာသီဥတုနှင့် သဘာဝ အရင်းအမြစ်များ** | ၅ |
| ၃။ | **ကျေးရွာလူမှုဖွံ့ဖြိုးတိုးတက်ရေးအခြေအနေ** | ၅ |
| ၄။ | **ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ** | ၅ |
| ၅။ | **စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ** | ၆ |
| | (က) သီးနှံ စိုက်ပျိုးရေး | ၆ |
| | (ခ) မွေးမြူရေးလုပ်ငန်း | ၆ |
| | (ဂ) စိုက်ပျိုးမွေးမြူရေး မဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းများ | ၇ |
| | (ဃ) ဘဏ်နှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု | ၇ |
| ၆။ | **အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ** | ၇ |
| | (က) ကျေးလက် သယ်ယူပို့ဆောင်ရေး | ၇ |
| | (ခ) ကျေးရွာ မီးလင်းရေး | ၈ |
| | (ဂ) သတင်းနှင့် ဆက်သွယ်ရေး | ၈ |
| ၇။ | **ပညာရေး** | ၈ |
| ၈။ | **ကျန်းမာရေး၊ ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး** | ၈-၉ |
| ၉။ | **ဘေးန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး** | ၉ |
| ၁၀။ | **ကျား-မ ရေးရာ ကိစ္စရပ်ဆိုင်ရာ** | ၁၀ |
| ၁၁။ | **ဦးစားပေးဆောင်ရွက်မည့် အဆိုပြု စီမံချက်လုပ်ငန်းများ** | |
| | ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များ စာရင်း | ၁၁ |
| | ကျေးရွာ ဖွံ့ဖြိုးရေးဗျူဟာ တည်ဆောက်မှု အခြေပြဇယား | ၁၂ |
| | ဦးစားပေးစီမံချက်များ | ၁၃ |
| | **အကောင်ထည်ဖော်ဆောင်ရွက်မည့် ကာလသတ်မှတ်ခြင်း** | ၁၄ |
| | စီမံကိန်းအဆိုပြုလွှာ။ | ၁၅ |
| | စီမံချက် အကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ | ၁၆ |

**စကားချီး**

ဤကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းသည် ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်မှ ၂၀၃၀-၂၀၃၁ ခုနှစ်အထိ (၅)နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ကျေးရွာ၏ ပထမဦးဆုံးသော လူထုအများစုပေါင်း ပါဝင်ရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း ဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံကိန်းဖြစ်မြောက်ရေးအတွက် လိုအပ်သောနည်းပညာများ ပံ့ပိုးပေးသော သမဝါယမနှင့် ကျေးလက် ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအား အထူးပင် ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသော အချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွ ပံ့ပိုးပေးသော ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာ ဝန်ထမ်းများ ကိုလည်း ကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင် ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ်ဆောင်ရွက်ခဲ့ကြသော်လည်း လူထုအများစနစ်တကျ ပူးပေါင်းပါဝင်ဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကိုမသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျပူးပေါင်းဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့ အချင်းချင်း တိုင်ပင်ဆွေးနွေးညှိနှိုင်း အဖြေရှာကြရာတွင် သင်တန်းလုပ်ဆောင် ပေးရုံသာမက နည်းပေး လမ်းပြကူညီပံ့ပိုးပေးသည့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ ဝန်ထမ်းများက စီစဉ်ဆောင် ရွက်ပေးပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံးကဲ့သို့သော ကိန်းဂဏန်းအချက် အလက်ရရှိနိုင်သော နေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင် ထပ်မံလိုအပ်သော ကိန်းဂဏန်း၊ အချက်အလက်များနှင့်နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့် ဌာနဆိုင်ရာများမှရယူရန် လိုအပ်ကြောင်းကိုလည်း ကောင်းစွာသိရှိခဲ့ပါ သည်။

ယခုရေးဆွဲထားသောအစီအစဉ်ကို ထပ်မံရရှိသည့်ကိန်းဂဏန်းအချက်အလက်များ ထပ်ဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းမွန်လာမည်မှာ သေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက်လုပ်ဆောင်ရမည့် လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှု တစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်မှု၊ ပေါ်ပေါက်လာသည့် အခက်အခဲများနှင့် ဦးစားပေးရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို မူဘောင်အတွင်း ပြုပြင် ပြောင်းလဲမှုများ ဆက်လက်လုပ်ဆောင်သွားရပါမည်။

ဤအစီအစဉ်တွင် အဓိကအားဖြင့် ကျေးရွာ၏ လက်ရှိဖွံ့ဖြိုးရေးအခြေအနေ၊ ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ နှစ်စဉ်ဦးစားပေးစီမံချက် အဆိုပြုလွှာ၊ ကျေးရွာဖွံ့ဖြိုးရေး ဗျူဟာ တည်ဆောက် မှုအခြေပြဇယား စသည်တို့ကို အဓိကထား ဖော်ပြထားပါသည်။

မေလ၊ ၂၀၂၆ ခုနှစ်

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ
ပြည်တော်သာကျေးရွာ
လက်ပံတန်းမြို့နယ်

## လက်ပံတန်းမြို့နယ်၊ညောင်ဝိုင်းကျေးရွာအုပ်စု၊ပြည်တော်သာကျေးရွာ၏သယံဇာတပြမြေပုံ



### ကျေးရွာသယံဇာတမြေပုံ ဆွေးနွေးခြင်းနှင့် ဆန်းစစ်ခြင်း

ညောင်ဝိုင်းကျေးရွာအုပ်စု၊ပြည်တော်သာကျေးရွာ

- ပြည်တော်သာကျေးရွာတွင် အိမ်ထောင်စုအားဖြင့် (၅၉)စုရှိပြီး ဗမာလူမျိုးအများစု နေထိုင်ကြသည်။
- ဗုဒ္ဓဘာသာကို အဓိကကိုးကွယ်ကြပြီး ဘာသာရေးပွဲများကျင်းပပြုလုပ်ကြပါသည်။
- အဓိကအသက်မွေးဝမ်းကျောင်းအနေဖြင့် လယ်ယာစိုက်ပျိုးရေးလုပ်ကိုင်ကြသည်။
- ကျေးရွာချင်းဆက်၊ရွာတွင်းလမ်းများ မကောင်းသဖြင့် မိုးရာသီတွင် သွားလာရခက်ခဲမှုများ ကြုံတွေ့ရလျက်ရှိပါသည်။
- ညောင်ဝိုင်းဘူတာနှင့်နီးစပ်ပြီး မြို့နယ်နှင့် အလှမ်းမဝေးသောကြောင့် ထုတ်ကုန်ဖွံ့ဖြိုးတိုး တက်ရေးအတွက် အခွင့်အလမ်းများရှိနေပါသည်။
- လျှပ်စစ်မီးရရှိပြီး အင်တာနက်လက်လှမ်းမီမှုရှိပါသည်။

# လက်ပံတန်းမြို့နယ်၊ညောင်ဝိုင်းကျေးရွာအုပ်စု၊ပြည်တော်သာကျေးရွာ၏ ရာသီခွင်ပြ ပြက္ခဒိန်ပုံ



ရာသီခွင်ပြ ပြက္ခဒိန်ရေးဆွဲခြင်း

ကျေးရွာ၏ တစ်နှစ်တာအဖြစ်အပျက်များကို ရာသီခွင်ပြ ပြက္ခဒိန်ရေးဆွဲခြင်း

ညောင်ဝိုင်းကျေးရွာအုပ်စု၊ ပြည်တော်သာကျေးရွာ

| အကြောင်းအရာ | တန်ခူး | ကဆုန် | နယုန် | ဝါဆို | ဝါခေါင် | တော်သလင်း | သီတင်းကျွတ် | တန်ဆောင်မုန်း | နတ်တော် | ပြာသို | တပို့တွဲ | တပေါင်း |
|---|---|---|---|---|---|---|---|---|---|---|---|---|
| ရာသီဥတု | | | | | | | | | | | | |
| အလုပ်အကိုင် | | | | | | | | | | | | |
| မိသားစုဝင်ငွေ/ထွက်ငွေ | သင့်/နည်း | သင့်/နည်း | နည်း/များ | နည်း/များ | နည်း/များ | နည်း/များ | များ/နည်း | နည်း/နည်း | နည်း/များ | နည်း/များ | များ/နည်း | သင့်/နည်း |
| အသုံးစရိတ် | နည်း | နည်း | များ | များ | များ | များ | သင့် | သင့် | များ | များ | များ | နည်း |
| ချေးငွေလိုအပ်မှု | နည်း | နည်း | များ | များ | များ | သင့် | နည်း | နည်း | များ | များ | နည်း | နည်း |
| ဝမ်းစာဖူလုံမှု | နည်း | နည်း | သင့် | သင့် | သင့် | သင့် | များ | များ | များ | သင့် | သင့် | များ |
| သောက်သုံးရေရရှိမှု | သင့် | သင့် | များ | များ | များ | များ | များ | များ | များ | သင့် | သင့် | သင့် |
| တိရိစ္ဆာန်အစာရရှိမှု | သင့် | သင့် | များ | များ | များ | များ | များ | များ | သင့် | သင့် | သင့် | သင့် |
| တိရိစ္ဆာန်ရောဂါကျရောက်မှု | | | | | | ဝက်နာ/နွားနာ | | | | | | |
| ကျန်းမာရေး | | | | ဖျားနာရောဂါ | | | | | ရာသီတုပ်ကွေး | | | |
| ဘေးအန္တရာယ်ကျရောက်မှု | အပူရှိန်ကဲ | | | မိုးကြိုး/လေပြင်းတိုက်ခတ်ခြင်း | | | | | | | | အပူလှိုင်း |
| ပွဲတော် | သင်္ကြန် | ညောင်ရေသွန်း | | သင်္ကန်းကပ် | | | မီးထွန်း | | | | ထမနဲ | |

## ရာသီခွင်ပြ ပြက္ခဒိန် ဆွေးနွေးခြင်းနှင့် ဆန်းစစ်ခြင်း

ညောင်ဝိုင်းကျေးရွာအုပ်စု၊ပြည်တော်သာကျေးရွာ

- ပြည်တော်သာကျေးရွာသည် ရာသီဥတုအနေဖြင့် ပုံမှန်အခြေအနေတွင်ရှိသည့်ကျေးရွာ ဖြစ်ပါသည်။
- အလုပ်အကိုင်အားဖြင့် စိုက်ပျိုးရေးကို လုပ်ကိုင်ကြပြီး လုပ်ငန်းဆောင်ရွက်ကြသည့် လများအပေါ် မူတည်၍ မိသားစုဝင်ငွေ/ထွက်ငွေ ၊အသုံးစရိတ် အနည်းအများ ဖြစ်ပေါ်မှု ရှိပါသည်။
- သောက်သုံးရေ ပြတ်လပ်မှုမရှိပါ။
- တိရိစ္ဆာန်ရောဂါများအနေဖြင့် ရံဖန်ရံခါဖြစ်ပွားတတ်သည့် ရောဂါများသာဖြစ်ပေါ် တတ်ပါသည်။
- ဘေးအန္တရာယ်အနေဖြင့် ကြီးမားစွာကျရောက်ခြင်း မရှိဘဲ မိုးဦးကာလများတွင် ဖြစ်ပေါ်တတ်သော မိုးသက်လေပြင်းကျရောက်ခြင်းများဖြစ်ပေါ်တတ်ပါသည်။
- ဘာသာရေးအားကောင်းပြီး လအလိုက်ပွဲတော်များ ကျင်းပပြုလုပ်လေ့ရှိပါသည်။

# လက်ပံတန်းမြို့နယ်၊ ညောင်ဝိုင်းကျေးရွာအုပ်စု၊ပြည်တော်သာကျေးရွာ၏

# အဖွဲ့အစည်းများနှင့် ချိတ်ဆက်မှုပြပုံ




## အဖွဲ့အစည်း ချိတ်ဆက်မှုပုံစံ ဆွေးနွေးခြင်းနှင့် ဆန်းစစ်ခြင်း

ညောင်ဝိုင်းကျေးရွာအုပ်စု၊ပြည်တော်သာကျေးရွာ

- ပြည်တော်သာကျေးရွာတွင် **ကျေးရွာတွင်းအဖွဲ့အစည်းများ**အနေဖြင့် ရပ်မိရပ်ဖ အဖွဲ့မှ ဦးဆောင်ပြီး ကျေးရွာဖွံ့ဖြိုးရေးအတွက် လိုအပ်သည်များကို ဆောင်ရွက်ကြပါသည်။
- ကျေးရွာလမ်းကော်မတီ၊မီးလင်းရေးကော်မတီ၊ ပရဟိတအဖွဲ့များရှိပြီး ပေါင်းစပ်ဆောင်ရွက်မှု အားကောင်းကြပါသည်။
- ကျေးရွာပြင်ပအဖွဲ့အစည်းများအနေဖြင့် ဌာနဆိုင်ရာများနှင့်သာ အဓိကချိတ်ဆက်ဆောင်ရွက်ကြပါသည်။
- ကျေးလက်ဦးစီးဌာန၊စိုက်ပျိုးရေး၊စိုက်/ဘဏ်၊ မီးသတ်၊ကျန်းမာရေး၊မြေစာရင်း၊ပညာရေး၊ဆည်မြောင်း၊အုပ်ချုပ်ရေးအဖွဲ့များအပြင် ပြင်ပပုဂ္ဂလိက ချေးငွေလုပ်ငန်းတချို့နှင့် ချိတ်ဆက်ဆောင်ရွက်မှု ရှိပါသည်။

## ၁။ တည်နေရာနှင့် ပထဝီဝင် အနေအထား

ပဲခူးတိုင်းဒေသကြီး၊သာယာဝတီခရိုင်၊လက်ပံတန်းမြို့နယ်မှ လက်ပံတန်း- မင်းလှ ဆက်သွယ်ရေးလမ်း(တောင်ကြို့ကုန်း-သနာပို)ကားလမ်းပေါ်ရှိ မင်းလမ်းကျေးရွာထိပ်မှ ညောင်ဝိုင်းကျေးရွာသို့ ဆက်သွယ်သော လမ်းမှတဆင့် မီးရထားလမ်းကျော်၍ အတွင်းသို့ ဝင်ရောက်ရသည့် ကျေးရွာတစ်ရွာဖြစ်ပါသည်။ အရှေ့လောင်ဂျီကျူ့ ၉၅ ဒီဂရီ ၆၉ မိနစ် နှင့် မြောက်လတ္တီတွဒ် ၁၇ ဒီဂရီ ၈၀ မိနစ်ကြားတွင် တည်ရှိပါသည်။ ကျေးရွာ၏ အရှေ့မြောက်ဘက်တွင် ဥတိုအနောက်ကျေးရွာ၊ မြောက်ဘက် တွင် အုတ်တွင်းတာစုကျေးရွာ၊ တောင်ဘက်တွင် ဂရံရွာသစ်ကျေးရွာ တည်ရှိပါသည်။

## ၂။ ရာသီဥတုနှင့် သဘာဝ အရင်းအမြစ်များ

လက်ပံတန်းမြို့နယ်၊ပြည်တော်သာကျေးရွာ၏ ရွာသီဥတုမှာ ယေဘူယျအားဖြင့် အပူပိုင်းမုတ်သုံ ရာသီဥတုရှိပြီး အမြင့်ဆုံးအပူချိန်မှာ (၄၁.C)နှင့် အနိမ့်ဆုံးအပူချိန်မှာ (၃၂.C)ရှိပါသည်။ တစ်နှစ်ပျှမ်းမျှ မိုးရေချိန်မှာ (၇၀")ခန့် ရှိပြီး မိုးအများဆုံးရွာသွန်းသောလမှာ ဝါဆိုလနှင့် ဝါခေါင်လတို့ဖြစ် ပါသည်။

## ၃။ ကျေးရွာလူမှုဖွံ့ဖြိုးတိုးတက်ရေးအခြေအနေ

လက်ပံတန်းမြို့နယ်၊ပြည်တော်သာကျေးရွာတွင် အိမ်ထောင်စု (၅၉)စု၌ ကျား (၁၂၉)ဦး၊ မ(၁၃၃) ဦး၊ စုစုပေါင်း လူဦးရေ (၂၆၂)ဦးရှိပြီး (၁)အိမ်ထောင်လျှင် ပျမ်းမျှလူဦးရေ (၄.၅)ဦးခန့် နေထိုင်လျက် ရှိပါသည်။ အလုပ်လုပ်နိုင်သည့် အရွယ်လူဦးရေမှာ ကျေးရွာရှိ လူဦးရေ၏ (၇၆%)ဖြစ်ပြီး လုပ်သား အင်အားရရှိမှုများပါသည်။ ၎င်းအလုပ်လုပ်နိုင်သောသူများကို အသက်မွေးဝမ်းကျောင်း ကျွမ်းကျင်မှု အတတ်ပညာများ ထောက်ပံ့ပေးခြင်း၊ တစ်နိုင်တစ်ပိုင် လုပ်ငန်းများထူထောင် ပေးနိုင်မည်ဆိုပါက ကျေးရွာဖွံ့ဖြိုးရေးအတွက် အလားအလာကောင်းများရှိပါသည်။ အလုပ်လုပ်နိုင်သော အရွယ်တွင် အမျိုးသား အလုပ်လုပ်နိုင်သော လူဦးရေထက် အမျိုးသမီးအလုပ်လုပ်နိုင်သော လူဦးရေမှာ ပိုမို များပြားပါ သည်။ အသက် (၆၄) နှစ်နှင့်အထက် သက်ကြီး ရွယ်အိုများလည်း အသင့်အတင့်ရှိပြီး ကျန်းမာရေးမှာအသင့်အတင့်ကောင်းမွန်ကြပါ သည်။

## ၄။ ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ

လက်ပံတန်းမြို့နယ်၊ပြည်တော်သာကျေးရွာတွင် လူမှုရေးအသင်းအဖွဲ့များရှိပြီး သက်ဆိုင်ရာလုပ်ငန်းများအလိုက် တက်ကြွစွာဆောင်ရွက်ကြပါသည်။ကျေးရွာရှိ အရပ်ဘက် လူမှုအဖွဲ့အစည်းများကြားဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှုနှင့် သက်ဆိုင်သည့် လုပ်ငန်းများ ချိတ်ဆက် ဆောင်ရွက်မှုသည် အသင့်အတင့်ကောင်းမွန်သည်ဟု ဆိုနိုင်ပါသည်။ ကျေးရွာအတွင်းရှိ ပြည်သူများ၏ စည်းလုံးညီညွတ်မှု၊ ရပ်မိရပ်ဖများ၏ သြဇာသက်ရောက်မှုများကြောင့် ကျေးရွာအကျိုး အဖွဲ့လိုက်ဆောင်ရွက်မှုများတွင် အောင်မြင်ထိရောက်မှု အသင့်အတင့် ရှိကြောင်း တွေ့ရှိရပါသည်။ သို့ပါသော်လည်း ကျေးရွာဖွံ့ဖြိုးရေး ဆိုင်ရာစီမံခန့်ခွဲမှုနှင့် ပတ်သက်သော အသိအမြင်ဗဟုသုတများ အပိုင်း ( ဥပမာ- အဖွဲ့အစည်းများ ဆိုင်ရာသဘောတရားများ)တွင် လိုအပ်ချက်များ ရှိနေသေးလျက် ရှိပါသည်။

## ၅။ စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

### (က) သီးနှံ စိုက်ပျိုးရေး

လက်ပံတန်းမြို့နယ်၊ ပြည်တော်သာကျေးရွာတွင် လယ်မြေပိုင်ဆိုင်မှု အသင့်အတင့်ရှိပါသည်။ ကျေးရွာ(၁)ရွာလုံးအနေဖြင့် လယ်မြေပိုင်ဆိုင်သည့် အိမ်ထောင်စုမှာ(၂၁)စုရှိပြီး ကျေးရွာရှိ အိမ်ထောင်စု ၏ (၃၅%)ရှိပါသည်။ ကျေးရွာတွင် လယ်မြေ ဧက(၁၉၈)ဧကရှိပြီး စပါးကိုသာ အဓိက စိုက်ပျိုးပြီး အခြားသီးနှံများအနေဖြင့် မတ်ပဲသီးနှံများကို စိုက်ပျိုးကြပါသည်။ကျေးရွာတွင် စိုက်ပျိုးရေး သွင်းအားစုများ၊ နည်းပညာ ဝန်ဆောင်မှုများ အနည်းငယ်ရရှိပြီး၊ မိုးရေဖြင့် စိုက်ပျိုးကြပါသည်။ စပါး စိုက်ပျိုးရာတွင် ဆည်ရေမရသောကြောင့် နွေစပါးစိုက်ပျိုးနိုင်မှု အခက်အခဲရှိ ပါသည်။ကျေးရွာအဖွဲ့ အနေဖြင့် မြို့နယ်အဖွဲ့အစည်းများနှင့် ချိတ်ဆက်မှုအားနည်းခြင်း၊ ဖျက်ပိုး များ ကျရောက်တတ်ခြင်း၊စပါးရိတ်သိမ်းရောင်းချချိန်တွင် ချေးငွေများပြန်လည်ပေးဆပ်ရန်အတွက် ကျေးရွာသို့ လာရောက်ဝယ်ယူသော စပါးဒိုင်များသို့ ငွေပေါ်ရရှိရေး ရောင်းချခဲ့သည့်အတွက် ဈေးကောင်းမရရှိဘဲ အကျိုးအမြတ်နည်းခြင်းများဖြစ်ပေါ်ပြီး စပါးမျိုး မချန်နိုင်ခြင်း၊ပြန်လည် စိုက်ပျိုးချိန်တွင် မျိုးစေ့များအား သက်သာသောနှုန်းထားဖြင့် မရ၍ ဈေးကြီးပေးဝယ်ရခြင်း၊ စိုက်ပျိုးမြေဆီလွှာ အသင့်အတင့်ကောင်းမွန်သော်လည်း အထွက်နှုန်းတိုးလိုသောကြောင့် မြေဩဇာအများ အပြားထည့်ရခြင်းကြောင့်အရင်းအနှီးများခြင်း၊မျိုးစေ့များ ပြန်လည်ဝယ်ယူချိန်တွင် စိုက်ပျိုးရေးဦးစီးဌာနမှ ရောင်းချသောဈေးနှုန်းများသည် ပြင်ပ/ပုဂ္ဂလိက စိုက်ပျိုးရေးကုမ္ပဏီများမှ ရောင်းချသော ဈေးနှုန်းများထက် သက်သာသော်လည်း လိုအပ်သလောက်ဝယ်ယူရရှိနိုင်းခြင်း မရှိသောကြောင့် တောင်သူများ အနေဖြင့် ပြင်ပ/ပုဂ္ဂလိက စိုက်ပျိုးရေး ကုမ္ပဏီများမှ ဝယ်ယူ နေမှုများ တွေ့ရှိရပါသည်။

### (ခ) မွေးမြူရေးလုပ်ငန်း

**ဇယား(၈) ပြည်တော်သာကျေးရွာတွင် တိရိစ္ဆာန်မွေးမြူထားရှိမှုအခြေအနေ**

| စဉ် | ကျေးရွာ | နွား | မြင်း | ဝက် | ဆိတ် | ကြက် | ဘဲ | ကျွဲ |
|---|---|---|---|---|---|---|---|---|
| ၁ | ပြည်တော်သာ | ၁၁ | ၃ | ၁၅ | | ၁၁၆ | ၂၁ | |

ပြည်တော်သာကျေးရွာတွင် မွေးမြူရေးလုပ်ငန်းကို တစ်နိုင်တစ်ပိုင် အိမ်တွင်မွေးမြူလျက်ရှိပြီး၊ စီးပွားဖြစ် မွေးမြူထားခြင်း မရှိပါ။ နွား၊ဝက်၊ ဘဲ နှင့် ကြက် စသည့် မွေးမြူရေး လုပ်ငန်းများ လုပ်ကိုင်သည့် အိမ်ထောင်စုများ အသင့် အတင့်ရှိပါသည်။ ကျေးရွာတွင် အိမ်ထောင်စုအားလုံး၏ တစ်ပိုင်တစ်နိုင် ကြက်မွေးမြူသည့် အိမ်ထောင်စု (၄၅%) ခန့်ရှိပါသည်။ မိရိုးဖလာနည်းအတိုင်း မွေးမြူခြင်းကြောင့် ဆုံးရှုံးမှုများပြီး အမြတ်ရရှိ မှုနည်းခြင်း၊ကောက်ရိုးနှင့်ရိတ်သိမ်းပြီး ပဲပင်များကို နွားစာအဖြစ်ပြန်လည်အသုံးပြုကြပါသည်။မွေးမြူရေးဆိုင်ရာ အသိပညာနှင့်နည်းပညာ ဝန်ဆောင်မှုများလိုအပ်လျက် ရှိကြောင်း တွေ့ရှိ ရ ပါ သည်။

## (ဂ) စိုက်ပျိုးမွေးမြူရေး မဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းများ

လက်ပံတန်းမြို့နယ်၊ပြည်တော်သာကျေးရွာတွင် အိမ်တွင်းမှု ထုတ်ကုန်လုပ်ငန်းများ မရှိပါ။ အခြားဝင်ငွေရလုပ်ငန်းများအဖြစ် ပန်းရံ၊ လက်သမား၊ ဆောက်လုပ်ရေး၊ ယာဉ်မောင်း၊ ဆိုင်ကယ်ကယ်ရီ၊ ဈေးဆိုင်၊ ကျပန်းလုပ်ငန်းများကို လုပ်ကိုင်လျက်ရှိကြပါသည်။ အသက်မွေး ဝမ်းကျောင်းလုပ်ငန်းများအတွက် နည်းပညာများရရှိပြီး ဖြစ်သော်လည်း အရင်းအနှီးစိုက်ထုတ်လုပ်ကိုင်ရန်အတွက် အခက်အခဲများရှိနေကြပါသည်။ ကျေးရွာနှင့်မြို့ပေါ် လမ်းပန်း ဆက်သွယ်ရေးကောင်းမွန်လာပါက လျှပ်စစ်မီးရရှိပြီး ဖြစ်သောသောကြောင့် ထုတ်ကုန်လုပ်ငန်းများ ထုတ်လုပ်ရန် အခွင့်အလမ်းတစ်ရပ်ပင်ဖြစ်ပါသည်။ နယ်မြေလုံခြုံမှုရှိပြီး လွတ်လပ်စွာ သွားလာရောင်းဝယ်နိုင်ပြီး လမ်းပန်း ဆက်သွယ်ရေးမှာ ပွင့်လင်းရာသီတွင်သာ အဓိကထား၍ သွားလာနိုင်ပါသည်။

### (ဃ) ဘဏ်နှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

ပြည်တော်သာကျေးရွာတွင် လယ်ယာမြေပိုင်ဆိုင်သည့် အိမ်ထောင်စုများသာ စိုက်ဘဏ်ချေးငွေများရရှိနိုင်ပါသည်။ ကျေးရွာတွင် တစ်လလျှင် ချေးငွေလိုအပ်မှု အနေအထားမှာ ယေဘုယျအားဖြင့် အသင့်အတင့် အနေအထားတွင် ရှိနေဆဲဖြစ်ပြီး ကျေးရွာနေ ပြည်သူအများစုမှာ သက်သာသော အတိုးနှုန်းဖြင့် ချေးငွေရရှိနေပါသော်လည်း လိုအပ်ချက် များရှိနေဆဲ ဖြစ်ပါသည်။

## ၆။ အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ

### (က) ကျေးလက် သယ်ယူပို့ဆောင်ရေး

ပြည်တော်သာကျေးရွာတွင် လယ်ယာထွက်ကုန်များအား ကျေးရွာတွင် လာရောက် ဝယ်ယူသည့် အဝယ်ဒိုင်များနှင့် လက်ပံတန်းမြို့ပေါ်သို့ သွားရောက်၍ ရောင်းချ ပါသည်။ကုန်စိမ်းနှင့်သားငါးများကို လက်ပံတန်းမြို့ဈေးတွင် အလွယ်တကူ ဝယ်ယူနိုင်ပြီး၊ အခြားသော လူသုံးကုန်ပစ္စည်းများအား ဆိုင်ကယ်ဖြင့်သော်လည်းကောင်း၊သုံးဘီးဆိုင်ကယ်၊ ကားများဖြင့်သော်လည်းကောင်း သယ်ယူပို့ဆောင်လျက်ရှိပါသည်။ကျေးရွာတွင် အသုံးပြုမှု အများဆုံး သယ်ယူပို့ ဆောင်ရေး ယာဉ်များမှာ စက်ဘီး၊ဆိုင်ကယ်၊သုံးဘီးဆိုင်ကယ်၊ထော်လာဂျီနှင့်ကားများကို အသုံးပြုကြပါသည်။ ညောင်ဝိုင်းဘူတာနှင့် နီးစပ်သောကြောင့် ရထားလမ်းခရီးဖြင့်လည်း သွားလာမှုများရှိကြပါသည်။ ကျေးရွာသည် လက်ပံတန်း-မင်းလှဆက်သွယ်ရေးလမ်း (တောင်ကြို့ကုန်း- သနာပိုလမ်း) လမ်းမကြီးအနီးတွင် ရှိပြီး လမ်းပန်းဆက်သွယ်ရေးအနေမှာ ကောင်းမွန် ပါသည်။ ကျေးရွာရှိ ရွာတွင်း လမ်း၏ စုစုပေါင်း အရှည်မှာ (၁/၁)မိုင်ခန့်ရှိပြီး လွန်ခဲ့သော (၅)နှစ်ကျော်က မြေနီခင်းခဲ့သော်လည်း နှစ်ကာလကြာမြင့်လာသောကြောင့် မိုးရာသီတွင် ပျက်စီးမှုများကြောင့် သွားလာရေး ခက်ခဲမှုများရှိပါသည်။ရွာအဝင်လမ်းမှာလည်း မိုးရာသီတွင် ပျက်စီးမှုကြုံတွေ့ရသဖြင့် အဆိုပါလမ်းများအား ပြုပြင်ဆောင်ရွက်ရန် လိုအပ်လျက်ရှိပါသည်။

## (ခ) လျှပ်စစ်စွမ်းအားဆိုင်ရာ အခြေခံအဆောက်အဦး

လက်ပံတန်းမြို့နယ်၊ပြည်တော်သာကျေးရွာတွင် မဟာဓာတ်အားလိုင်းမှ လျှပ်စစ်မီး အသုံးပြု နေကြသည့် အိမ်ထောင်စုမှာ (၄၅%) ရှိပြီး ဆိုလာစနစ်ဖြင့် အသုံးပြုလျက်ရှိသည့် အိမ်ထောင်စု များလည်း ရှိပါသည်။မီးမရရှိသေးသည့် အိမ်ထောင်စု (၃၀)ရာခိုင်နှုန်းခန့် ကျန်ရှိ နေပါသည်။ ကျေးရွာမီးကော်မတီမှ ပြုပြင်ထိန်းသိမ်းမှုစနစ်မှာလည်း **အသင့်အတင့်** ကောင်းမွန် ပါ သည်။

## (ဂ) ဆက်သွယ်ရေး၊ သတင်းနှင့် နည်းပညာဆိုင်ရာ အခြေခံအဆောက်အဦ

လက်ပံတန်းမြို့နယ်၊ပြည်တော်သာကျေးရွာတွင် ဆက်သွယ်ရေး၊ သတင်းအချက် လက်နည်း ပညာနှင့် ပတ်သက်၍ အိမ်တိုင်းနီးပါး တယ်လီဖုန်း၊TVများ အများအပြား အသုံးပြု လျက်ရှိပါသည်။ ကျေးရွာအနီး ပတ်ဝန်းကျင်တွင် သက်ဆိုင်ရာ ဆက်သွယ်ရေးတာဝါတိုင်များ တည်ရှိသဖြင့် ကျေးရွာ သူ/သားများမှာ ကြိုးမဲ့ ဆက်သွယ်ရေး ဆင်းကဒ်များ ဖြစ်သော MPT, U9 , Atom, Mytel (၄)မျိုးစလုံး အသုံးပြု နိုင်ပြီး စီးပွားရေး အနေဖြင့် ဈေးကွက်များနှင့် သတင်းအချက်အလက်များအား အချိန်နှင့်တပြေးညီ ရယူနိုင်သည့်အပြင် ဆက်သွယ်ရေးဆိုင်ရာ ဗဟုသုတများနှင့် နည်းပညာဆိုင်ရာ အချက်အလက်များကိုလည်း လျင်မြန် လွယ်ကူ စွာ ရရှိ နိုင်ပါသည်။

## ၇။ ပညာရေး

လက်ပံတန်းမြို့နယ် ပြည်တော်သာကျေးရွာတွင် စာသင်ကျောင်းမရှိဘဲ ညောင်ဝိုင်းကျေးရွာရှိ အထက်တန်းကျောင်းတွင် သွားရောက်စာသင်ကြပါသည်။ ကျောင်းအာဟာရတိုက်ကျွေးမှု အစီ အစဉ်မှာလည်း အသင့်အတင့်ရှိပါသည်။ အတန်းပညာပြီးမြောက်မှုများတွင် ဘွဲ့ရလူငယ် နည်းသော်လည်း အလုပ်လုပ်နိုင်သည့် အရွယ်များသောကြောင့် လုပ်ငန်းခွင်ဝင်နိုင်သည့် လူသား အရင်းအမြစ် တစ်ရပ်ပင်ဖြစ်ပါသည်။လူငယ်များမှာ အလုပ်အကိုင်ရှားပါးမှုနှင့် အသက်မွေးဝမ်း ကျောင်း နည်းပညာ အားနည်းခြင်း များကြောင့်၊ သင်တန်းများပို့ချပေးပြီး လုပ်ငန်းများ အကောင် အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် လိုအပ်သော ရင်းနှီးငွေ / ချေးငွေများ ပံ့ပိုးပေးပြီးနောက် လုပ်ငန်းများ ဖွင့်လှစ်ဆောင်ရွက်ပါက ဝင်ငွေအသင့်အတင့် ရလာနိုင်မည် ဖြစ်ပါ သည်။

## ၈။ ကျန်းမာရေး

### (က) ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာဝန်ဆောင်မှု ရရှိမှုအခြေအနေ

ကျန်းမာ ရေးမကောင်းလျှင်ဖြစ်စေ၊ အရေးပေါ်လူနာများရှိခဲ့လျှက်ဖြစ်စေ လက်ပံတန်း မြို့နယ်ဆေးရုံသို့ သွားရောက်ကုသကြပါသည်။ကျေးလက်နေပြည်သူများသည် ရာသီ တုပ်ကွေး၊ ဝမ်းပျက်၊ အပူရှပ်ခြင်းများရာသီအလိုက် ဖြစ်ပွားမှုအနည်းငယ်ရှိပါသည်။ ဖြစ်ပွားရသော အကြောင်း အရင်းများကို ဖော်ထုတ်ဖယ်ရှားပေးခြင်း၊ ကျန်းမာရေး အသိပညာပေးခြင်းတို့အား ဆောင်ရွက် ပေးသင့်ပါသည်။ ကျန်းမာရေးဦးစီးဌာနမှ သတ်မှတ်အရွယ် ရောက်သူတိုင်းအား သတ်မှတ်ကာလ များတွင် ကျေးရွာအထိ လိုအပ်သည့် ကာကွယ်ဆေး များအား လာရောက် ထိုးပေးလျက် ရှိပါသည်။

(ခ) သောက်သုံးရေရရှိမှုနှင့် သန့်ရှင်းရေး

လက်ပံတန်းမြို့နယ်၊ပြည်တော်သာကျေးရွာတွင် သောက်သုံးရေကို စက်တပ် ရေတွင်းများ၊ လက်နှိပ် တုံကင်တွင်းများ သုံးစွဲကြပြီး၊ မြေသားရေကန်မှသုံးစွဲမှုများလည်း ရှိပါသည်။ ရေကို ရေစစ်ဖြင့်စစ်၍ သောက်သုံးကြရပါ သဖြင့်SDG-၆ ရည်မှန်းချက်အရ သန့်စင်သော သောက်သုံးရေရရှိရေးလိုအပ်ပါသည်။ရေအရည်အသွေးစစ်ဆေးခြင်းများမရှိပါ။နွေးမိုးဆောင်း ရာသီမရွေးရေရရှိပြီး မြေအောက်ရေ အနက်ပေ (၂၀၀') အောက်တူးဖော်အသုံးပြုရပါသည်။ ဌာနမှ ဆောင်ရွက်ပေးထားသည့် စက်ရေတွင်း(တွင်းတိမ်)(၁)တွင်းရှိပါသည်။ပတ်ဝန်းကျင် သန့်ရှင်းရေးပိုင်းတွင် ကျေးလက်ဒေသ၏ ယင်လုံအိမ်သာသုံးစွဲမှုမှာ (၁၀၀%) ရှိသဖြင့် ကျေးရွာ သူ/သားများအနေဖြင့် ကျန်းမာရေးဆိုင်ရာ အသင့်အတင့်ရှိ၍ တစ်ကိုယ်ရေ သန့်ရှင်းရေးဆိုင်ရာ ကျန်းမာရေးအသိပညာပေးမှုမှာလည်း အသင့်အတင့် ရှိပါသည်။

## ၉။ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းကာကွယ်ပြုစုခြင်း

### (က) ပတ်ဝန်းကျင်နှင့် သဘာဝသယံဇာတများ ထိန်းသိမ်းကာကွယ်ခြင်း

လက်ပံတန်းမြို့နယ်၊ ပြည်တော်သာကျေးရွာတွင် စိုက်ပျိုးမြေဆီလွှာအနေအထားမှာ စပါး စိုက်ပျိုးရာတွင် ကောင်းမွန်သည့် အနေအထားဖြစ်ပါသည်။ မြေဆီလွှာအသင့်အတင့်ကောင်းမွန်ပြီး သီးနှံ အထွက်နှုန်းကောင်းမွန်ပါသည်။ စွန့်ပစ်ပစ္စည်းများ စီမံခန့်ခွဲမှုတွင်လည်း ပလပ်စတစ်အိပ်ခွံ၊ ဘူးခွံများကို စနစ်တကျစွန့်ပစ်ရန်အတွက် အမှိုက်ကန်လိုအပ်ပါသည်။ သဘာဝပတ်ဝန်းကျင် ဆိုင်ရာ အသိပညာပေးလုပ်ငန်းများ မြှင့်တင်ဆောင်ရွက်ပေးသင့် ပါသည်။

### (ခ) သဘာဝဘေးအန္တရာယ်များ စီမံခန့်ခွဲခြင်း

ပြည်တော်သာကျေးရွာသည် မြန်မာနိုင်ငံ၏ အောက်ပိုင်းတွင် ကျရောက်သော ကျေးရွာဖြစ်သည့်အလျောက် မိုးရာသီတွင် မိုးများခြင်း၊ လေပြင်းတိုက်ခတ်ခြင်းများ တခါတရံကြုံတွေ့ရပါသော်လည်း ပျက်ဆီး ဆုံးရှုံးမှုမရှိပါ။ လူထုအခြေပြု သဘာဝ ဘေးအန္တရာယ် လျှော့ချရေး အစီအစဉ်များ ဆောင်ရွက်နိုင်မှု မရှိသေးပါ။ ကျေးရွာသည် တရားဥပဒေစိုးမိုးမှုရှိပြီး တည်ငြိမ်အေးချမ်းမှုရှိသောကြောင့် ကုန်စည်ကူးသန်း ရောင်းဝယ် မှုမှာ အဆင်ပြေ ချောမွေ့လျက်ရှိပါသည်။ မူခင်းများကာကွယ် တားဆီးရေးအတွက် မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ အခါအားလျော်စွာ မှုခင်းကျဆင်းရေး ပညာပေး ဟောပြောပွဲများအား ဟောပြောပြုလုပ် ပေးလျက် ရှိပါသည်။

## ၁၀။ ကျား-မ ရေးရာ ကိစ္စရပ်ဆိုင်ရာ

လက်ပံတန်းမြို့နယ်၊ပြည်တော်သာကျေးရွာအတွင်းရှိ မိဘများသည်သားသမီးများကို ပညာသင်ကြားမှုအပိုင်းတွင် ကျားဖြစ်ခြင်းမဖြစ်ခြင်းအပေါ် ခွဲခြားသတ်မှတ်ခြင်းမရှိဘဲ တန်းတူပညာသင်ကြားခွင့် ရှိကြပါသည်။ မိသားစုစားဝတ်နေရေး အခြေအနေအလိုက်သာ ပညာသင်ကြားခွင့်ကို သက်ရောက်မှု ရှိစေနိုင်သည်။ နေ့စားလုပ်ငန်းများ၊ စီးပွားရေးလုပ်ငန်းများတွင် ကျားမတန်းတူအခွင့်အရေးရရှိပါသော်လည်း နေ့စားလုပ်အားခသတ်မှတ်ရာတွင် အမျိုးသမီးများမှာ အမျိုးသားများထက် လုပ်အားခရရှိမှု ပိုနည်းသည်ကို တွေ့ရှိရပါသည်။ လူမှုအဖွဲ့အစည်းအတွင်း အိမ်တွင်း အကြမ်းဖက်မှုနှင့် ကျားမခွဲခြားဆက်ဆံမှုတို့မှာ အများအားဖြင့် နည်းပါးသည်။ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းနှင့် ကျေးရွာသာရေးနာရေးကိစ္စရပ်များတွင် **အမျိုးသမီးများ တက်တက်ကြွကြွ ပါဝင်လုပ်ဆောင်ကြပါသည်။**

# ညောင်ဝိုင်းကျေးရွာအုပ်စု၊ ပြည်တော်သာကျေးရွာ၏ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကော်မတီစာရင်း

| စဉ် | အမည် | အဘအမည် | မှတ်ပုံတင်အမှတ် | တာဝန် | ဖုန်းနံပါတ် | မှတ်ချက် |
|---|---|---|---|---|---|---|
| ၁။ | ဦးမိုးဝေ | ဦးစိုးဝင်း | ၇/လပတ(နိုင်)၁၂၂၆၃၅ | **ဥက္ကဋ္ဌ** | ၀၉၆၉၂၂၈၉၂၂ | |
| ၂။ | ဦးငွေးလှိုင်ဝင်း | ဦးဇော်မင်းထွန်း | ၇/လပတ(နိုင်)၁၆၆၉၈၈ | **အတွင်းရေးမှူး** | ၀၉၆၇၃၃၇၅၃၀ | |
| ၃။ | ဒေါ်ဥမ္မာစိုး | ဦးသိန်းအောင် | ၇/လပတ(နိုင်)၁၈၀၄၆၀ | **ဥက္ကဋ္ဌ(ဝယ်ယူရေး)** | ၀၉၆၅၁၉၉၇၈၁၇ | |
| ၄။ | ဦးမြသောင်း | ဦးခင်မောင် | ၇/လပတ(နိုင်)၀၅၀၈၁၂ | ဘဏ္ဍာရေးမှူး | - | |
| ၅။ | ဦးထွန်းထွန်းဝင်း | ဦးစိုးဝင်း | ၇/လပတ(နိုင်)၀၉၇၀၈၁ | စာရင်းကိုင် | ၀၉၆၉၁၅၀၂၆၇၂ | |
| ၆။ | ဦးတင်ငွေး | ဦးကျော်ခိုင် | ၇/လပတ(နိုင်)၀၉၇၁၁၇ | အဖွဲ့ဝင် | ၀၉၆၉၂၁၈၂၆၅၁ | |
| ၇။ | ဦးရဲလင်းအောင် | ဦးသိန်းထွန်း | ၇/လပတ(နိုင်)၁၆၂၆၄၂ | အဖွဲ့ဝင် | ၀၉၆၈၃၆၄၇၉၄၇ | |
| ၈။ | ဒေါ်သင်းသင်းခိုင် | ဦးလှခိုင် | ၇/လပတ(နိုင်)၁၆၀၅၂၉ | အဖွဲ့ဝင် | - | |
| ၉။ | ဒေါ် နွဲ့ယဉ်ဝင်း | ဦးမြသောင်း | ၇/လပတ(နိုင်)၁၆၆၉၀၈ | အဖွဲ့ဝင် | ၀၉၇၇၇၂၃၄၆၁၉ | |
| | | | | | | |
| | | | | | | |

## လက်ပံတန်းမြို့နယ်၊ ညောင်ဝိုင်းကျေးရွာအုပ်စု၊ ပြည်တော်သာကျေးရွာ ဖွံ့ဖြိုးရေးဗျူဟာတည်ဆောက်မှု အခြေပြဇယား

| စဉ် | ပြဿနာ | အကြောင်းအရင်း | အခြေအနေကောင်းများ | အဟန့်အတားနှင့်စိန်ခေါ်မှု | ဖြေရှင်းမည့်နည်းလမ်းများ | အဆိုပြုစီမံချက်နှင့်လုပ်ငန်းများ |
|---|---|---|---|---|---|---|
| ၁ | **အုပ်ချုပ်ရေးနှင့်စီမံခန့်ခွဲရေးကဏ္ဍ** | | | | | |
| | သက်ကြီးရွယ်အိုများအတွက် အကူအညီလိုအပ်ခြင်း | ကျေးရွာအတွင်းရှိသက်ကြီးရွယ်အိုများအတွက် ကျန်းမာရေး၊စားသောက်ရေးအတွက် ကူညီရန် ရန်ပုံငွေမရှိခြင်း | ကျေးရွာမှ လူမှုရေးဆိုင်ရာအကူအညီများပေးနိုင်ခြင်း | ရန်ပုံငွေမရှိခြင်း | ကျေးရွာအုပ်စုအုပ်ချုပ်ရေးအဖွဲ့မှတဆင့် နိုင်ငံတော်၏ ကူညီထောက်ပံ့မှု ရယူနိုင်ရန် | အသက်(၈၀)နှစ်အထက် သက်ကြီးရွယ်အိုများအား လစဉ်ထောက်ပံ့ကြေးကူညီရန် |
| ၂ | **အခြေခံအဆောက်အအုံကဏ္ဍ** | | | | | |
| | ရွာတွင်းလမ်းမကောင်းခြင်း | မြေသားလမ်းဖြစ်သောကြောင့် မိုးရာသီတွင်လမ်းပျက်ခြင်း | လမ်းပြုပြင်ရန်ကျေးရွာမှစိတ်ဝင်စားမှုရှိခြင်း | ရန်ပုံငွေမရှိခြင်း | သက်ဆိုင်ရာဌာနများနှင့်ချိတ်ဆက်ဆောင်ရွက်ရန် | ရွာတွင်းလမ်းကွန်ကရစ်ဘီးလမ်းခင်းရန် |
| | ကုန်ထုတ်လမ်းမကောင်းခြင်း | ကုန်ထုတ်လမ်းမှာ အသုံးပြုသူ များပြီး မိုးရာသီတွင်လမ်းပျက်ခြင်း | လမ်းပြုပြင်ရန်ကျေးရွာမှစိတ်ဝင်စားမှုရှိခြင်း | ရန်ပုံငွေမရှိခြင်း | သက်ဆိုင်ရာဌာနများနှင့်ချိတ်ဆက်ဆောင်ရွက်ရန် | ကုန်ထုတ်လမ်း(၁)ပြုပြင်ဆောင်ရွက်ရန် |
| | ကုန်ထုတ်လမ်းမကောင်းခြင်း | ကုန်ထုတ်လမ်းမှာ အသုံးပြုသူ များပြီး မိုးရာသီတွင်လမ်းပျက်ခြင်း | လမ်းပြုပြင်ရန်ကျေးရွာမှစိတ်ဝင်စားမှုရှိခြင်း | ရန်ပုံငွေမရှိခြင်း | သက်ဆိုင်ရာဌာနများနှင့်ချိတ်ဆက်ဆောင်ရွက်ရန် | ကုန်ထုတ်လမ်း(၂)ပြုပြင်ဆောင်ရွက်ရန် |

| စဉ် | ပြဿနာ | အကြောင်းအရင်း | အခြေအနေကောင်းများ | အဟန့်အတားနှင့်စိန်ခေါ်မှု | ဖြေရှင်းမည့်နည်းလမ်းများ | အဆိုပြုစီမံချက်နှင့်လုပ်ငန်းများ |
|---|---|---|---|---|---|---|
| | ဆက်သွယ်ရေးလမ်းမကောင်းခြင်း | ကျေးရွာနှင့် ဘူတာသို့ ဆက်သွယ်သောလမ်း သည် မြေသားလမ်းဖြစ် ခြင်းကြောင့် နွေရာသီ၌ သာ အသုံးပြုနိုင်ပြီး ကျန်ကာလများတွင် အခြားလမ်းများမှ ပတ်၍ သွားလာရခြင်း | လမ်းပြုပြင်ရန် ကျေးရွာမှ စိတ်ဝင်စားမှုရှိခြင်း | ရန်ပုံငွေမရှိခြင်း | သက်ဆိုင်ရာဌာနများနှင့်ချိတ်ဆက်ဆောင်ရွက်ရန် | ကျေးရွာမှ ညောင်ဝိုင်းဘူတာသို့ ဆက်သွယ်သောလမ်း ဂဝံခင်းရန် |
| | မြေသားရေကန်တိမ်ကောလာခြင်း | ကန်တိမ်ကောလာခြင်းကြောင့် ရေသိုလှောင်နိုင်မှု နည်းပါးလာခြင်း | ရေကန်ပြုပြင်ရန် ကျေးရွာမှ စိတ်ဝင်စားမှုရှိခြင်း၊ လုပ်အားပါဝင် နိုင်မှုရှိခြင်း | ရန်ပုံငွေမရှိခြင်း | သက်ဆိုင်ရာဌာနများနှင့်ချိတ်ဆက်ဆောင်ရွက်ရန် | မြေသားသောက်ရေကန်ပြန်လည်တူးဖော်ပြုပြင်ရန် |
| ၃ | **လျှပ်စစ်ကဏ္ဍ** | | | | | |
| | | | | | | |
| ၄ | **စိုက်ပျိုးရေးကဏ္ဍ** | | | | | |
| | စိုက်ပျိုးသီးနှံ အထွက်နှုန်း ကျဆင်းခြင်း၊ တစ်နိုင်တစ်ပိုင် မွေးမြူရေးလုပ်ငန်း နည်းပါးခြင်း | ဓါတ်မြေဩဇာဈေးနှုန်း မြင့်မားခြင်း၊စိုက်ပျိုးရေး/ မွေးမြူရေးဆိုင်ရာ အသိပညာ အားနည်းခြင်း | စိုက်ပျိုး၊ မွေးမြူရေးဆိုင်ရာ ဗဟုသုတများအပေါ် ကျေးရွာမှ စိတ် ဝင် စားမှု ရှိခြင်း | အသိပညာပေးနိုင်မည့် အဖွဲ့အစည်း/ဌာနများနှင့် ချိတ်ဆက်မှု အားနည်း ခြင်း | စိုက်ပျိုးရေးဦးစီးဌာန ၊ မွေး/ကု ဦးစီးဌာနနှင့် ကျေးလက်ဦးစီးဌာနများနှင့်ချိတ်ဆက်ဆောင် ရွက်ရန် | မျိုးကောင်း/သန့်နှင့် ဓါတ်မြေဩဇာဈေးနှုန်း သင့်သာစွာရရှိရန် |

| စဉ် | ပြဿနာ | အကြောင်းအရင်း | အခြေအနေ<br>ကောင်းများ | အဟန့်အတားနှင့်<br>စိန်ခေါ်မှု | ဖြေရှင်းမည့်<br>နည်းလမ်းများ | အဆိုပြုစီမံချက်နှင့်<br>လုပ်ငန်းများ |
|---|---|---|---|---|---|---|
| ၅ | **မွေးမြူရေးနှင့် ငါးလုပ်ငန်း/မွေးမြူရေးဆေးပညာ** | | | | | |
| | | | | | | |
| ၆ | **ငွေကြေးကဏ္ဍ** | | | | | |
| | | | | | | |
| ၇ | **ပညာရေးကဏ္ဍ** | | | | | |
| | | | | | | |
| ၈ | **ကျန်းမာရေးကဏ္ဍ** | | | | | |
| | | | | | | |
| ၉ | **လူငယ်နှင့်အားကစားကဏ္ဍ** | | | | | |
| | | | | | | |
| ၁၀ | **သက်မွေးကဏ္ဍ** | | | | | |
| | မိသားစုဝင်ငွေရ တစ်နိုင်တစ်ပိုင် လုပ်ငန်းများ နည်းပါးခြင်း | အဓိကလုပ်ငန်းများ ရပ်နားချိန်တွင် မိသားစုဝင်ငွေရ လုပ်ငန်းများ မရှိခြင်း | ကျေးလက်ဦးစီးဌာနမှ ဖွင့်လှစ်ပေးသည့် သင်တန်းများကို ကျေးရွာလူထုမှ စိတ်ဝင်စားမှုရှိခြင်း | ကျေးရွာလူထုမှ ပြင်ပတွင် သွားရောက်သင်ကြားရန် ခက်ခဲခြင်း၊ သင်ကြားရေးစရိတ်များ ခက်ခဲခြင်း | သက်ဆိုင်ရာဌာနနှင့် ချိတ်ဆက်ဆောင်ရွက်ရန် | သက်မွေးသင်တန်းများ ဖွင့်လှစ်ဆောင်ရွက်ရန် ခေါင်းလျှော်ရည်နှင့် ဆပ်ပြာထုတ်လုပ်နည်း သင်တန်း |
| ၁၁ | **သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ကဏ္ဍ** | | | | | |
| | | | | | | |

| စဉ် | ပြဿနာ | အကြောင်းအရင်း | အခြေအနေ<br>ကောင်းများ | အဟန့်အတားနှင့်<br>စိန်ခေါ်မှု | ဖြေရှင်းမည့်<br>နည်းလမ်းများ | အဆိုပြုစီမံချက်နှင့်<br>လုပ်ငန်းများ |
|---|---|---|---|---|---|---|
| | | | | | | |
| ၁၂ | ခရီးသွားလုပ်ငန်းကဏ္ဍ | | | | | |
| | | | | | | |
| ၁၃ | **ထုတ်ကုန်လုပ်ငန်းနှင့်အသေးစား၊အလတ်စားစီးပွားရေးလုပ်ငန်းများဆိုင်ရာ** | | | | | |
| | | | | | | |
| | | | | | | |

# လက်ပံတန်းမြို့နယ်၊ညောင်ဝိုင်းကျေးရွာအုပ်စု၊ပြည်တော်သာကျေးရွာ
# ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ ဦးစားပေးအဆင့်သတ်မှတ်ခြင်း

| စဉ် | အဆိုပြုစီမံချက်အမည် | ပေးမှတ် (၁)မှ(၁၀၀) | ဦးစားပေးအဆင့် |
|---|---|---|---|
| ၁ | ကျေးရွာတွင်းလမ်းကွန်ကရစ်ဘီးနင်းလမ်းခင်းရန် | ၉၅ | ၁ |
| ၂ | မျိုးကောင်းမျိုးသန့်၊ဓါတ်မြေဩဇာများဈေးနှုန်းသက်သာစွာရရှိရန် | ၇၅ | ၂ |
| ၃ | ခေါင်းလျှော်ရည်+ဆပ်ပြာချက်နည်းသင်တန်း | ၅၅ | ၃ |
| ၄ | ညံအင်းကွင်း ဆည်ရေသွယ်မြောင်း ပြန်လည်တူးဖော်ရန် | ၃၅ | ၄ |
| ၅ | မြေသားသောက်ရေကန်ပြုပြင်ရန် | ၃၀ | ၅ |
| ၆ | ကုန်ထုတ်လမ်း(၁)ရရှိရန် | ၂၅ | ၆ |
| ၇ | ကုန်ထုတ်လမ်း(၂)ရရှိရန် | ၂၀ | ၇ |
| ၈ | ကျေးရွာနှင့်ညောင်ဝိုင်းဘူတာသို့ဆက်သွယ်သောလမ်း | ၂၀ | ၈ |
| ၉ | သက်ကြီးရွယ်အိုထောက်ပံ့ကြေးရရှိရန် | ၁၀ | ၉ |

# လက်ပံတန်းမြို့နယ်၊ညောင်ဝိုင်းကျေးရွာအုပ်စု၊ပြည်တော်သာကျေးရွာ
# အကောင်ထည်ဖော်ဆောင်ရွက်မည့် ကာလသတ်မှတ်ခြင်း

| စဉ် | အဆိုပြုစီမံချက်အမည် | ဦးစားပေး အဆင့် | ၂၀၂၆-၂၀၂၇ | ၂၀၂၇-၂၀၂၈ | ၂၀၂၈-၂၀၂၉ | ၂၀၂၉-၂၀၃၀ | ၂၀၃၀-၂၀၃၁ |
|---|---|---|---|---|---|---|---|
| ၁ | ကျေးရွာတွင်းလမ်းကွန်ကရစ်ဘီးနင်းလမ်းခင်းရန် | ၁ | √ | | | | |
| ၂ | မျိုးကောင်းမျိုးသန့်၊ဓါတ်မြေဩဇာများဈေးနှုန်းသက်သာစွာရရှိရန် | ၂ | √ | | | | |
| ၃ | ခေါင်းလျှော်ရည်+ဆပ်ပြာချက်နည်းသင်တန်း | ၃ | | √ | | | |
| ၄ | ညံအင်းကွင်း ဆည်ရေသွယ်မြောင်း ပြန်လည်တူးဖော်ရန် | ၄ | | | | | |
| ၅ | မြေသားသောက်ရေကန်ပြုပြင်ရန် | ၅ | | | √ | | |
| ၆ | ကုန်ထုတ်လမ်း(၁)ရရှိရန် | ၆ | | | | √ | |
| ၇ | ကုန်ထုတ်လမ်း(၂)ရရှိရန် | ၇ | | | | √ | |
| ၈ | ကျေးရွာနှင့်ညောင်ဝိုင်းဘူတာသို့ဆက်သွယ်သောလမ်း | ၈ | | | | | √ |
| ၉ | သက်ကြီးရွယ်အိုထောက်ပံ့ကြေးရရှိရန် | ၉ | √ | √ | √ | √ | √ |

နောက်ဆက်တွဲ (၄)

## ဦးစားပေးစီမံချက်အဆိုပြုလွှာ (သို့) စီမံချက်အကြောင်းအရာ (၁)

| | |
|---|---|
| **ကျေးရွာ** | - ပြည်တော်သာကျေးရွာ |
| **ကျေးရွာအုပ်စု** | - ညောင်ဝိုင်းကျေးရွာအုပ်စု |
| **မြို့နယ်** | - လက်ပံတန်း |
| **တိုင်းဒေသကြီး / ပြည်နယ်** | - ပဲခူး |

**စီမံချက်အမည်** - ကျေးရွာတွင်းလမ်း ကွန်ကရစ်ဘီးနင်းလမ်းခင်းခြင်းလုပ်ငန်း

**စီမံချက်ဆောင်ရွက်ရန် လိုအပ်ကြောင်း ရှင်းလင်းဖော်ပြချက် (သို့) လက်ရှိအခြေအနေ**

- ရွာတွင်းလမ်းမကောင်းခြင်းကြောင့် သွားလာရေးခက်ခဲခြင်း

**စီမံချက်ရည်ရွယ်ချက် (လက်ရှိအခြေအနေအား ပိုကောင်းအောင် ဆောင်ရွက်လိုသည့် ဆန္ဒဖော်ပြရန်)**

- ရွာတွင်းလမ်းဆောင်ရွက်ခြင်းအတွက် ကျေးရွာသူ/သားများ သွားလာရေးလွယ်ကူစေရန် ဖြစ်ပါသည်။

**မျှော်မှန်းအကျိုးရလဒ် (လက်ငင်းရည်ရွယ်ချက် ရောက်ရှိပြီးနောက် ထပ်ဆင့်ရရှိလာမည့် အကျိုးကျေးဇူးများ)**

- ကျေးရွာသူ/သားများ သွားလာရေးလွယ်ကူစေရန်။
- ကျေးလက်နေပြည်သူများ ပိုမိုဖွံ့ဖြိုးလာစေရန်။

**စီမံချက်ဆိုင်ရာ အချက်အလက်ဖော်ပြခြင်း (ဘာလုပ်မည်၊ ဘယ်လောက် ပမာဏလုပ်ရမည်)**

ရွာတွင်းလမ်း ကွန်ကရစ်ဘီးနင်းလမ်းခင်းခြင်း (၇၃၀)ပေ

**စီမံချက် ကုန်ကျစရိတ်ထည့်ဝင်မှု**

| ခန့်မှန်းကုန်ကျစရိတ် (ကျပ်) | ထည့်ဝင်မည့် အစီအစဉ် |
|---|---|
| ❖ ၁၅၀၀၀,၀၀၀ (ငွေသား) | ❖ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန |
| ❖ ၂၉၇၀၀၀၀ (လုပ်အား) | ❖ ကျေးရွာ |
| ❖ | ❖ |

| အကျိုးခံစားသူဦးရေ | လူဦးရေ | | | ဆင်းရဲချမ်းသာမှု အဆင့်အတန်း (အိမ်ခြေ) | | | | |
|---|---|---|---|---|---|---|---|---|
| | ကျား | မ | ပေါင်း | ၁ | ၂ | ၃ | ၄ | ပေါင်း |
| **ကျေးရွာအဆင့်** | | | | | | | | |
| **အကျိုးခံစားမည့်သူ ဦးရေ** | | | | | | | | |

မှတ်ချက်။ ချောင်လည်အဆင့် –၁၊ အလယ်အလတ်အဆင့် – ၂၊ ဆင်းရဲ – ၃၊ အလွန်ဆင်းရဲ – ၄

## စီမံချက် အကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ

**(၁) တာဝန်ယူအကောင်အထည်ဖော်မည့် အဖွဲ့အစည်း (များ)**

- ❖ ကျေးရွာဖွံ့ဖြိုးရေးကော်မတီ
- ❖ ကျေးရွာဝယ်ယူရေးကော်မတီ
- ❖ ကျေးရွာအုပ်ချုပ်ရေးအဖွဲ့အစည်းများ

**(၂) စီမံချက်စတင်မည့် အချိန် ခန့်မှန်း** - ၂၀၂၆ ခုနှစ်၊မေ လ

**(၃) စီမံချက်ပြီးစီးမည့်အချိန်** - ၂၀၂၆ ခုနှစ်၊ မေလ

**(၄) ကျေးရွာထည့်ဝင်မှု ရရှိအောင် ဆောင်ရွက်မည့် အစီအစဉ် -**

- ❖ ကျေးရွာသူ/သားများနှင့် စေတနာရှင်များမှ အလှူငွေများ ထည့်ဝင်လှူဒါန်းနိုင်ရန်အတွက် ရပ်မိရပ်များနှင့် ကျေးရွာကော်မတီမှ ဆောင်ရွက်သွားပါမည်။

**(၅) လုပ်ငန်းလည်ပတ်ရေး၊ ပြုပြင်ထိန်းသိမ်းရေးတို့အတွက် အဖွဲ့အစည်းဆိုင်ရာနှင့် ငွေကြေးဆိုင်ရာ အစီအစဉ်များ**

- ❖ လုပ်ငန်းများ ကောင်းမွန်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် လုပ်ငန်းအဆင့်အလိုက် ကျေးရွာလူထုအား အစည်းအဝေးခေါ်ယူပြီး ဆွေးနွေးတိုင်ပင်ပါမည်။
- ❖ လုပ်ငန်းများ အကောင်အထည်ဖော်ပြီးပါကလည်း လုပ်ငန်းပြီးဆုံးမှု အလွှဲအပြောင်း လုပ်ဆောင်ခြင်းနှင့် ဖွင့်လှစ်ပွဲ လုပ်ဆောင်ပါမည်။
- ❖ ရွာတွင်းလမ်းကွန်ကရစ်ဘီးလမ်းခင်းခြင်း ရေရှည်ကောင်းမွန်ခိုင်ခံ့စေရေးအတွက် လိုအပ်သော ပြုပြင်ထိန်းသိမ်းမှု လုပ်ငန်းများကို အစီအစဉ်ရေးဆွဲပြီး ကျေးရွာဖွံ့ဖြိုးရေးရေကော်မတီမှ ဦးဆောင်၍ လုပ်ဆောင်သွားပါမည်။
- ❖ ပြုပြင်ထိန်းသိမ်းရေးအတွက်လိုအပ်မည့် ကုန်ကျစရိတ်များကိုလည်း ကျေးရွာအတွင်းရှိ ပြည်သူများနှင့် လုပ်ငန်းရှင်များထံမှ ဆောင်ရွက် သွားပါမည်။

ဇယား ( ၁) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ

| **အသက်အုပ်စု** | | **ကျား** | **မ** | **မသန်စွမ်းသူ အရေအတွက်** | |
|---|---|---|---|---|---|
| | | | | **ကျား** | **မ** |
| ၁ နှစ် အောက် | နို့စို့အရွယ် | 6 | 4 | 0 | 0 |
| ၁ နှစ်မှ ၄ နှစ် | ၅ နှစ်အောက်ကလေးငယ် | 4 | 3 | 0 | 0 |
| ၅ နှစ်မှ ၉ နှစ် | မူလတန်းကျောင်းသားအရွယ် | 15 | 17 | 0 | 0 |
| ၁၀ နှစ်မှ ၁၄ နှစ် | အလယ်တန်းကျောင်းသားအရွယ် | 14 | 19 | 0 | 0 |
| ၁၅ နှစ်မှ ၆၄ နှစ် | အလုပ်လုပ်နိုင်သည့်အရွယ် | 73 | 76 | 0 | 0 |
| ၆၅ နှစ် နှင့် အထက် | သက်ကြီးရွယ်ကြီး | 17 | 14 | 0 | 0 |
| စုစုပေါင်း | | 129 | 133 | 0 | 0 |
| စုစုပေါင်း အိမ်ထောင်စု | | 59 | | | |

လေ့လာတွေ့ရှိချက်။ ။ကျေးရွာတွင် အသက်အပိုင်းအခြားအားဖြင့် ၄နှစ်အောက် ကလေးငယ် အရေအတွက်နည်းပါးပြီး သက်လတ်ပိုင်းအရွယ် အလုပ်လုပ်နိုင်သူအရေအတွက် များပြားကြောင်း တွေ့ရှိရသည်။သက်ကြီးရွယ်ကြီးများလည်း အသင့်အတင့်ရှိကြောင်း တွေ့ရှိရသည်။

ဇယား (၂) လုပ်သားအင်အားနှင့်ဝင်ငွေရလုပ်ငန်းအမျိုးအစား

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ်ပြီး မှန်ရာတစ်ခု ကိုသာရွေးရန်။) |
|---|---|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင်လုပ်အား | အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု | ဦးရေ | | | |
| | | | | | ကျား | မ | | |
| **စိုက်ပျိုးစီးပွား လုပ်ငန်းများ** | | | | | | | | |
| ၁ | လယ်ယာစိုက်ပျိုးရေး | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | 21 | 67 | 6 | 42 | 25 | 0 | မြင့် ☐ လတ် ☑ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | 18 | 29 | 2 | 17 | 12 | 0 | မြင့် ☐ လတ် ☐ နိမ့် ☑ |
| ၂ | တိရစ္ဆာန် မွေးမြူရေး | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | 3 | 7 | 0 | 5 | 2 | 0 | မြင့် ☐ လတ် ☑ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | 0 | 0 | 0 | 0 | 0 | 0 | မြင့် ☑ လတ် ☐ နိမ့် ☐ |
| ၃ | ငါးလုပ်ငန်း (ရေချို/ရေငန်ငါး/ပုစွန် စသော ရေသတ္တဝါများ ဖမ်းခြင်း၊ မွေးမြူခြင်း) | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | 0 | 0 | 0 | 0 | 0 | 0 | မြင့် ☑ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | 0 | 0 | 0 | 0 | 0 | 0 | မြင့် ☑ လတ် ☐ နိမ့် ☐ |
| ၄ | သစ်တောလုပ်ငန်း | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | 0 | 0 | 0 | 0 | 0 | 0 | မြင့် ☑ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | 0 | 0 | 0 | 0 | 0 | 0 | မြင့် ☑ လတ် ☐ နိမ့် ☐ |

| စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ | | | | | | | | |
|---|---|---|---|---|---|---|---|---|
| ၅ | သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | 0 | 0 | 0 | 0 | 0 | 0 | မြင့် ☑ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | 0 | 0 | 0 | 0 | 0 | 0 | မြင့် ☑ လတ် ☐ နိမ့် ☐ |
| ၆ | ထုတ်ကုန်လုပ်ငန်း | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | 0 | 0 | 0 | 0 | 0 | 0 | မြင့် ☑ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | 0 | 0 | 0 | 0 | 0 | 0 | မြင့် ☑ လတ် ☐ နိမ့် ☐ |
| ၇ | လျှပ်စစ်၊ ဓာတ်ငွေ့နှင့် ရေပေးဝေရေး | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | 0 | 0 | 0 | 0 | 0 | 0 | မြင့် ☑ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | 0 | 0 | 0 | 0 | 0 | 0 | မြင့် ☑ လတ် ☐ နိမ့် ☐ |
| ၈ | ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | 0 | 0 | 0 | 0 | 0 | 0"> | မြင့် ☑ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | 4 | 6 | 0 | 6 | 0 | 0 | မြင့် ☐ လတ် ☑ နိမ့် ☐ |
| ၉ | ယာဉ်၊ စက်ကိရိယာနှင့် တာရှည်ခံအိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | 0 | 0 | 0 | 0 | 0 | 0 | မြင့် ☑ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | 0 | 0 | 0 | 0 | 0 | 0 | မြင့် ☑ လတ် ☐ နိမ့် ☐ |
| ၁၀ | ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်) | | | | | | | |

| | | | | | | | | |
|---|---|---|---|---|---|---|---|---|
| | ကိုယ်ပိုင် လုပ်ငန်း | 0 | 0 | 0 | 0 | 0 | 0 | မြင့် ☑ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | 0 | 0 | 0 | 0 | 0 | 0 | မြင့် ☑ လတ် ☐ နိမ့် ☐ |
| ၁၁ | လက်လီ- လက်ကား ရောင်းဝယ်ရေး | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | 2 | 3> | 1 | 0 | 3 | 0 | မြင့် ☐ လတ် ☑ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | 0> | 0 | 0 | 0 | 0 | 0 | မြင့် ☑ လတ် ☐ နိမ့် ☐ |
| ၁၂ | ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | 0 | 0 | 0 | 0 | 0 | 0 | မြင့် ☑ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | 0 | 0 | 0 | 0 | 0 | 0 | မြင့် ☑ လတ် ☐ နိမ့် ☐ |
| ၁၃ | ပို့ဆောင်ရေး၊ သိုလှောင်ရေးနှင့် ဆက်သွယ်ရေး | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | 0 | 0 | 0 | 0 | 0 | 0 | မြင့် ☑ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | 0 | 0 | 0 | 0 | 0 | 0 | မြင့် ☑ လတ် ☐ နိမ့် ☐ |
| ၁၄ | ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း) | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | 0 | 0 | 0 | 0 | 0 | 0 | မြင့် ☑ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | 0 | 0 | 0 | 0 | 0 | 0 | မြင့် ☑ လတ် ☐ နိမ့် ☐ |
| ၁၅ | အိမ်ခြံမြေ၊ ယာဉ်၊ စက်ကိရိယာ၊ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | 0 | 0 | 0 | 0 | 0 | 0 | မြင့် ☑ လတ် ☐ နိမ့် ☐ |

| | | | | | | | | |
|---|---|---|---|---|---|---|---|---|
| | အလုပ်သမား / ဝန်ထမ်း | 0 | 0 | 0 | 0 | 0 | 0 | မြင့် ☑ လတ် ☐ နိမ့် ☐ |
| ၁၆ | ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ကာကွယ်ရေးနှင့်ဘေးကင်းလုံခြုံရေး) | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | 0 | 0 | 0 | 0 | 0 | 0 | မြင့် ☑ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | 0 | 0 | 0 | 0 | 0 | 0 | မြင့် ☑ လတ် ☐ နိမ့် ☐ |
| ၁၇ | ပညာရေး | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | 0 | 0 | 0 | 0 | 0 | 0 | မြင့် ☑ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | 0 | 0 | 0 | 0 | 0 | 0 | မြင့် ☑ လတ် ☐ နိမ့် ☐ |
| ၁၈ | ကျန်းမာရေး | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | 0 | 0 | 0 | 0 | 0 | 0 | မြင့် ☑ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | 0 | 0 | 0 | 0 | 0 | 0 | မြင့် ☑ လတ် ☐ နိမ့် ☐ |
| ၁၉ | လူမှုရေး လုပ်ငန်းများ | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | 0 | 0 | 0 | 0 | 0 | 0 | မြင့် ☑ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | 0 | 0 | 0 | 0 | 0 | 0 | မြင့် ☑ လတ် ☐ နိမ့် ☐ |
| ၂၀ | အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | 0 | 0 | 0 | 0 | 0 | 0 | |
| | အလုပ်သမား / ဝန်ထမ်း | 0 | 0 | 0 | 0 | 0 | 0 | |

| ၂၁ | ပြင်ပအဖွဲ့အစည်းများနှင့်ကုမ္ပဏီများတွင်လုပ်ကိုင်သူများ | | | | | | |
|---|---|---|---|---|---|---|---|
| | ကိုယ်ပိုင်လုပ်ငန်း | 0 | 0 | 0 | 0 | 0 | 0 | မြင့် ☑ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | 0 | 0 | 0 | 0 | 0 | 0 | မြင့် ☑ လတ် ☐ နိမ့် ☐ |

လေ့လာတွေ့ရှိချက်။ ။ကျေးရွာတွင် အဓိကအားဖြင့် စိုက်ပျိုးရေးကိုလုပ်ကိုင်ကြသဖြင့် လယ်ယာပိုင်ဆိုင်သည့် အိမ်ထောင်စု ၃ ပုံ ၁ပုံခန့်ရှိပြီး ကိုယ်တိုင်ဝင်ရောက်လုပ်ကိုင်ဆောင်ရွက်ကြပြီး စိုက်ပျိုးရေးလုပ်ငန်းများတွင် အငှားလုပ်သားများအဖြစ် ဝင်ရောက်လုပ်ကိုင်သူများလည်းရှိသည်။ ရောင်းဝယ်လုပ်ငန်းလုပ်ကိုင်သည့် အိမ်ထောင်စုအနည်းငယ်ရှိပြီး ကျန်အိမ်ထောင်စုများသည် ကျပန်းလုပ်ငန်းများလုပ်ကိုင်ဆောင်ရွက်ကြကြောင်း လေ့လာတွေ့ရှိရပါသည်။

ဇယား (၃) လုပ်ငန်းနှင့်ကျား၊မအလိုက်အနည်းဆုံးနှင့်အများဆုံးလုပ်အားခနှုန်းထား

| **#** | **အလုပ်အကိုင်** | **ရေတွက်ပုံ** | **အများဆုံး (ကျပ်)** | | **အနည်းဆုံး (ကျပ်)** | |
|---|---|---|---|---|---|---|
| | | | **ကျား** | **မ** | **ကျား** | **မ** |
| ၁ | လယ်ယာစိုက်ပျိုးရေး | နေ့စား | 15000 | 15000 | 10000 | 8000 |
| ၂ | တိရစ္ဆာန်မွေးမြူရေး | နေ့စား | 0 | 0 | 0 | 0 |
| ၃ | ငါးလုပ်ငန်း (ရေချို/ရေငန်ငါးဖမ်းခြင်း၊မွေးမြူခြင်း) | နေ့စား | 0 | 0 | 0 | 0 |
| ၄ | သတ္တုတူးဖော်ရေး၊ကျောက်ထုတ် လုပ်ရေး နှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း | နေ့စား | 0 | 0 | 0 | 0 |
| ၅ | ထုတ်ကုန်လုပ်ငန်း | နေ့စား | 0 | 0 | 0 | 0 |
| ၆ | ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း | နေ့စား | 15000 | 10000 | 10000 | 7000 |
| ၇ | ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်း များ ပြင်ဆင်ရေး | နေ့စား | 0 | 0 | 0 | 0 |
| ၈ | လက်လီ-လက်ကား ရောင်းဝယ်ရေး | နေ့စား | 0 | 0 | 0 | 0 |
| ၉ | ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်း ပေးသူ စသည်) | နေ့စား | 0 | 0 | 0 | 0 |
| ၁၀ | ဟိုတယ်နှင့် စားသောက်ဆိုင် လုပ်ငန်း | နေ့စား | 0 | 0 | 0 | 0 |

လေ့လာတွေ့ရှိချက်။ ။ကျေးရွာတွင် လုပ်အားခနှုန်းများသတ်မှတ်ရာတွင် လုပ်ကိုင်ရသည့် လုပ်ငန်းများပေါ် မူတည်၍ ကျား-မ သတ်မှတ်လုပ်အားခနှုန်း ကွာခြားမှုရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

ဇယား (၄) ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု

| **မြေအမျိုးအစား** | **ဧရိယာ (ဧက)** | **မြေဆီလွှာအရည်အသွေး** |
|---|---|---|
| လယ်မြေ | 198.00 | ကောင်း ☐ သင့် ☑ ညံ့ ☐ |
| ယာမြေ / တောင်ယာမြေ | 0.00 | ကောင်း ☑ သင့် ☐ ညံ့ ☐ |
| ဥယျာဉ်ခြံမြေ | 0.00 | ကောင်း ☑ သင့် ☐ ညံ့ ☐ |
| ကိုင်း/ကျွန်းမြေ | 0.00 | ကောင်း ☑ သင့် ☐ ညံ့ ☐ |
| ဓနိတောမြေ | 0.00 | ကောင်း ☑ သင့် ☐ ညံ့ ☐ |
| စားကျက်မြေ | 0.00 | ကောင်း ☑ သင့် ☐ ညံ့ ☐ |
| မြေလွတ်မြေလပ် | 20.00 | ကောင်း ☐ သင့် ☑ ညံ့ ☐ |
| **စုစုပေါင်း** | 218 | |

လေ့လာတွေ့ရှိချက်။ ။ကျေးရွာတွင် အဓိကအားဖြင့် စပါးနှင့်ပဲကိုစိုက်ပျိုးကြသည့်အတွက် လယ်မြေပိုင်ဆိုင်မှုသာရှိပြီး တိရိစ္ဆာန်အစားအစာအတွက် အစာရေစာရရှိသည့် မြေလွတ်မြေလပ်များ အနည်းငယ် ရှိကြောင်း တွေ့ရှိရပါသည်။

ဇယား (၅) ဓာတ်သတ္တုနှင့်အခြားသဘာဝရင်းမြစ်များ

| **အမျိုးအစား** | **ကျေးရွာနှင့် အနီးပတ်ဝန်းကျင်တွင် သဘာဝအတိုင်းတွေ့ရှိနိုင်မှု** | **အသုံးချနိုင်မှု** | **လွန်ခဲ့သော(၁၀)နှစ်က အခြေအနေ** |
|---|---|---|---|
| သတ္တုနှင့်အခြားတွင်းထွက် သယံဇာတများ (ဓာတ်ငွေ့၊ရေနံ၊ ကျောက်မျက်စသည်။) | များ ☐ သင့် ☐ နည်း ☐ မရှိ ☑ | လွယ် ☐ ခက် ☐ အသုံးမပြုနိုင်ပါ ☑ | လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☑ |
| ကျောက်၊သဲ၊ကျောက်စရစ် စသည်များ | များ ☐ သင့် ☐ နည်း ☐ မရှိ ☑ | လွယ် ☐ ခက် ☐ အသုံးမပြုနိုင်ပါ ☑ | လျော့ ☐ တိုး ☑ အပြောင်းအလဲမရှိ ☐ |
| သဘာဝအပင်မျိုးစိတ်များ | များ ☐ သင့် ☐ | လွယ် ☑ ခက် ☐ | လျော့ ☑ တိုး ☐ |

| | | | |
|---|---|---|---|
| (နွားစာ၊ဆေးဘက်ဝင်အပင်များ) | နည်း ☑ မရှိ ☐ | အသုံးမပြုနိုင်ပါ ☐ | အပြောင်းအလဲမရှိ ☐ |
| သဘာဝတိရစ္ဆာန်မျိုးစိတ်များ | များ ☐ သင့် ☐ နည်း ☐ မရှိ ☑ | လွယ် ☐ ခက် ☐ အသုံးမပြုနိုင်ပါ ☑ | လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☑ |
| ရေ - မြေပေါ်ရေ (အင်း၊အိုင်၊ကန်၊ ချောင်း၊မြစ်၊စိမ့်စမ်း) | များ ☐ သင့် ☐ နည်း ☐ မရှိ ☑ | လွယ် ☐ ခက် ☐ အသုံးမပြုနိုင်ပါ ☑ | လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☑ |
| ရေ - မြေအောက်ရေ (တွင်းတိမ်၊တွင်းနက်၊ လက်တူးတွင်း) | များ ☐ သင့် ☑ နည်း ☐ မရှိ ☐ | လွယ် ☑ ခက် ☐ အသုံးမပြုနိုင်ပါ ☐ | လျော့ ☐ တိုး ☑ အပြောင်းအလဲမရှိ ☐ |
| သစ်တော - အပူပိုင်းသစ်တော | များ ☐ သင့် ☐ နည်း ☐ မရှိ ☑ | လွယ် ☐ ခက် ☐ အသုံးမပြုနိုင်ပါ ☑ | လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☑ |
| သစ်တော - ဒီရေတောများ | များ ☐ သင့် ☐ နည်း ☐ မရှိ ☐ | လွယ် ☐ ခက် ☐ အသုံးမပြုနိုင်ပါ ☑ | လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☑ |

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာနှင့်အနီးတဝိုက်တွင် ဓါတ်သတ္တုနှင့် အခြားသဘာဝအရင်းအမြစ်များ ထွက်ရှိမှု မရှိပါ။တိရိစ္ဆာန်အစာအနည်းငယ်နှင့် မျိုးစိတ်အနည်းငယ်ရှိပြီး မြေအောက်ရေအသုံးပြုမှု ယခင်နှစ်များကထက် တိုးပွားစွာသုံးစွဲလာကြောင်း တွေ့ရှိရပါသည်။

ဇယား (၆) ဥစ္စာဓနအဆင့်အခြေအနေ

| **အကြောင်းအရာ** | **သတ်မှတ်စံနှုန်း** | | | |
|---|---|---|---|---|
| | **အဆင်ပြေသော အိမ်ထောင်စု** | **အလယ်အလတ်ရှိသော အိမ်ထောင်စု** | **မပြေလည်သော အိမ်ထောင်စု** | **အလွန်မပြေလည်သော အိမ်ထောင်စု** |
| မြေယာပိုင်ဆိုင်မှု | များ | အသင့်အတင့် | နည်း | အလွန်နည်း (သို့) မရှိ |
| အိမ်အခြေအနေ | အလွန်ကောင်း | အသင့်အတင့်ကောင်း | ညံ့ | အလွန်ညံ့ |
| ကုန်ထုတ်လုပ်မှုနှင့် ဆိုင်သောပိုင်ဆိုင်မှု | များ | အသင့်အတင့် | နည်း | မရှိ |

| အဓိကစီးပွားရေးလုပ်ငန်း | စီးပွား (ဝင်ငွေ) အလွန်ကောင်း | စီးပွား (ဝင်ငွေ) အသင့်အတင့် | စီးပွား (ဝင်ငွေ) နည်း | စီးပွား (ဝင်ငွေ) အလွန်နည်း |
|---|---|---|---|---|
| အိမ်ထောင်စု | 16 | 14 | 16 | 13 |

လေ့လာတွေ့ရှိချက်။ ။ကျေးရွာတွင် စီးပွားရေးအဆင်ပြေသဖြင့် အဆင်ပြေသည့်အိမ်ထောင်စုနှင့် အလယ် အလတ်အိမ်ထောင်စုသည် ကျေးရွာ၏ ၅၀ ရာခိုင်နှုန်းခန့်ရှိပြီး ၂၀ ရာခိုင်နှုန်းခန့်သည့် အခက်အခဲများရှိကြောင်း တွေ့ရှိရပါသည်။

ဇယား (၇) ချေးငှားခြင်းမရှိဘဲတစ်နေ့လျှင်အနည်းဆုံးနှစ်နပ်စားနိုင်သည့်အိမ်ထောင်စုများ
(ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏၃၀ရာခိုင်နှုန်းစီ)

| **အချိန်ကာလ** | **အိမ်ထောင်စု အရေအတွက်** | **အမျိုးသမီးဦးဆောင်သည့် အိမ်ထောင်စု အရေအတွက်** | **ဖြေရှင်းသည့်နည်းဗျူဟာ (ဖြေရှင်းနည်းတစ်ခုစီအလိုက် အိမ်ထောင်စုအရေအတွက်များကိုဖော်ပြရန်)** |
|---|---|---|---|
| ၃လအောက် ဝမ်းစာဖူလုံမှု | 10 | 4 | အခြားအစာပြောင်းလဲစား = 0<br>အစာလျှော့စား = 0<br>အထောက်အပံ့ယူ = 2<br>ချေးယူ = 6<br>လုပ်အားခကြိုယူ = 2 |
| ၃လနှင့်၆လကြား ဝမ်းစာဖူလုံမှု | 0 | 0 | အခြားအစာပြောင်းလဲစား = 0<br>အစာလျှော့စား = 0<br>အထောက်အပံ့ယူ = 0<br>ချေးယူ = 0<br>လုပ်အားခကြိုယူ = 0 |
| ၆လမှ၁၂လအထိ ဝမ်းစာဖူလုံမှု | 0 | "0 | အခြားအစာပြောင်းလဲစား = 0<br>အစာလျှော့စား = 0<br>အထောက်အပံ့ယူ = 0<br>ချေးယူ = 0<br>လုပ်အားခကြိုယူ = 0 |

လေ့လာတွေ့ရှိချက်။ ။ကျေးရွာရှိ မပြေလည်သည့် အိမ်ထောင်စုနှင့် အလွန်မပြေလည်သော အိမ်ထောင်စုများ၏ ၃၀ ရာခိုင်နှုန်းခန့်အား စစ်တမ်းများကောက်ယူရာတွင် အဓိကအားဖြင့် ချေးယူ

သည့်အိမ်ထောင်စုများပြီး လုပ်အားခကြိုယူခြင်းနှင့် အထောက်အပံ့ရယူရသည့် အိမ်ထောင်စု အနည်းငယ်စီရှိကြောင်း တွေ့ရှိရပါသည်။

ဇယား (၈) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သောအုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ

| **အကြောင်းအရာ** | **ကျား** | **မ** |
|---|---|---|
| မိသားစုစောင့်ရှောက်မှုမရှိသောသက်ကြီးရွယ်အိုဗြနှစ်နှင့်အထက် | 0 | "0 |
| မိသားစု/ရပ်ရွာ၏စောင့်ရှောက်မှုမရှိသောမသန်စွမ်းသည့်ပုဂ္ဂိုလ် | **0** | **0** |
| | အိမ်ထောင်စုအရေအတွက် | |
| ဆင်းရဲ၍မိသားစုဦးရေများသည့်အမျိုးသမီးဦးဆောင်အိမ်ထောင်စု | 2 | |
| ဆင်းရဲ၍မိသားစုဦးရေများသည့်မုဆိုးဖို/ တစ်ခုလပ်အိမ်ထောင်စု | 2 | |
| အခြားဒေသသို့ကြာမြင့်စွာသွားရောက်နေထိုင်<br>လုပ်ကိုင်နေသည့်ဆင်းရဲသည့်အိမ်ထောင်စု | 2 | |

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် ကူညီစောင့်ရှောက်မှုလိုအပ်သည့် အိမ်ထောင်စုများတွင် ဆင်းရဲ၍ အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု၊ မုဆိုးဖို/တခုလပ်အိမ်ထောင်စု၊ အခြားဒေသသို့ သွားရောက် လုပ်ကိုင်နေရသည့် အိမ်ထောင်စုစုစုပေါင်းသည့် ၁၀ ရာခိုင်နှုန်းခန့်ရှိကြောင်း တွေ့ရှိရပါသည်။

ဇယား (၉)
ကျေးရွာ၏ထိခိုက်သက်ရောက်လွယ်မှုအခြေအနေနှင့်ဘေးအန္တရာယ်လျော့ချရေးအစီအမံများ

| **ထိခိုက်လွယ်မှု အမျိုးအစား** | **ထိခိုက်လွယ်မှုအခြေအနေ (မှန်ရာတစ်ခုကိုသာရွေးရန်)** | | | **စွမ်းဆောင်နိုင်မှု (ထိခိုက်မှု လျော့နည်းရေးနှင့်လိုက်လျော ညီထွေဖြစ်စေမည့်အစီအမံများ)** | | |
|---|---|---|---|---|---|---|
| **သဘာဝဘေးအန္တရာယ်များ** | **နိမ့်** | **လတ်** | **မြင့်** | **နိမ့်** | **လတ်** | **မြင့်** |
| မြစ်ရေကြီးမှု | ☑ | ☐ | ☐ | ☑ | ☐ | ☐ |
| လျှပ်တပြက်ရေကြီးခြင်း | ☑ | ☐ | ☐ | ☑ | ☐ | ☐ |
| မုန်တိုင်းဒီရေ | ☑ | ☐ | ☐ | ☑ | ☐ | ☐ |
| ဆူနာမိ | ☑ | ☐ | ☐ | ☑ | ☐ | ☐ |
| တိုင်ဖုန်းမုန်တိုင်း | ☑ | ☐ | ☐ | ☑ | ☐ | ☐ |

| | | | | | | |
|---|---|---|---|---|---|---|
| လေဆင်နှာမောင်း | ☑ | ☐ | ☐ | ☑ | ☐ | ☐ |
| လျှော် | ☑ | ☐ | ☐ | ☑ | ☐ | ☐ |
| အပူလှိုင်း | ☑ | ☐ | ☐ | ☑ | ☐ | ☐ |
| စိုက်ပျိုးမြေများတွင်ရေငံဝင်ရောက်မှု | ☑ | ☐ | ☐ | ☑ | ☐ | ☐ |
| အအေးလှိုင်း | ☑ | ☐ | ☐ | ☑ | ☐ | ☐ |
| မိုးသီးကြွေကျမှု | ☑ | ☐ | ☐ | ☑ | ☐ | ☐ |
| မိုးခေါင်ခြင်း | ☑ | ☐ | ☐ | ☑ | ☐ | ☐ |
| တောမီးလောင်ခြင်း | ☑ | ☐ | ☐ | ☑ | ☐ | ☐ |
| မြစ်ကမ်းပါးပြိုခြင်း | ☑ | ☐ | ☐ | ☑ | ☐ | ☐ |
| ကမ်းရိုးတန်းတိုက်စားမှု | ☑ | ☐ | ☐ | ☑ | ☐ | ☐ |
| မြေပြိုခြင်း | ☑ | ☐ | ☐ | ☑ | ☐ | ☐ |
| **လူကြောင့်ဖြစ်တဲ့ဘေးအန္တရာယ်များ** | | | | | | |
| စားနပ်ရိက္ခာမဖူလုံမှု | ☑ | ☐ | ☐ | ☑ | ☐ | ☐ |
| သဘာဝအရင်းအမြစ်ရှားပါးမှု (မြေ၊ရေ) | ☑ | ☐ | ☐ | ☑ | ☐ | ☐ |
| မြေပြိုခြင်း၊မြေဆီလွှာပျက်စီးခြင်း | ☑ | ☐ | ☐ | ☑ | ☐ | ☐ |
| သစ်တောပြုန်းတီးခြင်း | ☑ | ☐ | ☐ | ☐ | ☐ | ☐ |
| ငှက်ဖျားရောဂါ | ☑ | ☐ | ☐ | ☑ | ☐ | ☐ |
| တီဘီရောဂါ | ☑ | ☐ | ☐ | ☑ | ☐ | ☐ |
| ကိုယ်ခံအားကျဆင်းမှုရောဂါ | ☑ | ☐ | ☐ | ☑ | ☐ | ☐ |
| ကပ်ရောဂါ | ☑ | ☐ | ☐ | ☑ | ☐ | ☐ |
| ပြည်တွင်းပဋိပက္ခ | ☑ | ☐ | ☐ | ☑ | ☐ | ☐ |
| တိရစ္ဆာန်ကူးစက်ရောဂါကျရောက်မှု | ☑ | ☐ | ☐ | ☑ | ☐ | ☐ |
| လူကုန်ကူးခြင်း | ☑ | ☐ | ☐ | ☑ | ☐ | ☐ |
| ဝေးလံခေါင်သီ/လမ်းပန်းဆက်သွယ်ရေး ခက်ခဲခြင်းစသည် | ☑ | ☐ | ☐ | ☑ | ☐ | ☐ |

လေ့လာတွေ့ရှိချက်။ ။ကျေးရွာ၏ ထိခိုက်သက်ရောက်မှုနှင့် ဘေးအန္တရာယ်ကျရောက်မှုသည် ထူးခြားမှုမရှိဘဲ ပုံမှန်အခြေအနေတွင်သာ ရှိပါသည်။သို့ရာတွင် ရံဖန်ရံခါတွင် မိုးဦးကာလများတွင် လေပြင်းမုန်တိုင်းတိုက်ခတ်မှု အနည်းငယ်ရှိကြောင်း တွေ့ရှိရပါသည်။

ဇယား (၁၀) ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ

| **ထိခိုက်လွယ်မှုအမျိုးအစား** | **ထိခိုက်လွယ်မှုအခြေအနေ (မှန်ရာတစ်ခုကိုသာရွေးရန်)** | | | **စွမ်းဆောင်နိုင်မှု (ထိခိုက်မှုလျော့နည်းရေးနှင့် လိုက်လျောညီထွေဖြစ်စေမည့် အစီအမံများ)** | | |
|---|---|---|---|---|---|---|
| **သဘာဝဘေးအန္တရာယ်များ** | **နိမ့်** | **လတ်** | **မြင့်** | **နိမ့်** | **လတ်** | **မြင့်** |
| လူငယ် | ☑ | ☐ | ☐ | ☑ | ☐ | ☐ |
| အမျိုးသမီးဦးဆောင်သည့်ဆင်းရဲသည့် အိမ်ထောင်စု | ☑ | ☐ | ☐ | ☑ | ☐ | ☐ |
| ဆင်းရဲသားတောင်သူ | ☑ | ☐ | ☐ | ☑ | ☐ | ☐ |
| သဘာဝဘေးဒဏ်ဆိုးရွားစွာကျရောက်နိုင်သောအိမ်ထောင်စု/ ကူးစက်ရောဂါထူပြောသောဒေသတွင် နေထိုင်သူ | ☑ | ☐ | ☐ | ☑ | ☐ | ☐ |
| ပင်လယ်/မြစ်ကမ်းဘေးနေထိုင်သူများ | ☑ | ☐ | ☐ | ☑ | ☐ | ☐ |
| မတော်တဆမှုဖြစ်နိုင်ချေများသော နေရာတွင်နေထိုင်သူများ | ☑ | ☐ | ☐ | ☑ | ☐ | ☐ |
| ပြည်တွင်းနေရပ်စွန့်ခွါရွှေ့ပြောင်းခံရသူ များ (IDP) | ☑ | ☐ | ☐ | ☑ | ☐ | ☐ |
| မြေနိမ့်ပိုင်းနေထိုင်သူများ | ☑ | ☐ | ☐ | ☑ | ☐ | ☐ |
| ငါးကန်ပိုင်ရှင်များ | ☑ | ☐ | ☐ | ☑ | ☐ | ☐ |
| လက်လုပ်လက်စားများ၊ကျပန်းများ | ☑ | ☐ | ☐ | ☑ | ☐ | ☐ |
| လူနည်းစုလူမျိုးများ | ☑ | ☐ | ☐ | ☐ | ☐ | ☐ |
| ဒေသတွင်းပဋိပက္ခဧရိယာတွင်နေထိုင်သူများ | ☑ | ☐ | ☐ | ☑ | ☐ | ☐ |

| | | | | | | |
|---|---|---|---|---|---|---|
| နယ်စပ်ဒေသတွင်နေထိုင်သူများ | ☑ | ☐ | ☐ | ☑ | ☐ | ☐ |
| ရွှေတွင်းလုပ်သားများ | ☑ | ☐ | ☐ | ☑ | ☐ | ☐ |
| လှည့်လည်သွားလာ၍ဈေးရောင်းသူများ | ☑ | ☐ | ☐ | ☑ | ☐ | ☐ |
| နေရပ်ပြန်အခြေချသူများ | ☑ | ☐ | ☐ | ☑ | ☐ | ☐ |
| ရွှေ့ပြောင်းလုပ်သားများ | ☑ | ☐ | ☐ | ☑ | ☐ | ☐ |
| ကားမောင်းပြီးအသက်မွေးသူများ | ☑ | ☐ | ☐ | ☑ | ☐ | ☐ |

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် အဆင်မပြေသည့် အိမ်ထောင်စုများရှိသော်လည်း ထိခိုက်သက်ရောက်မှုအား မြင့်မားစွာခံစားရခြင်းမရှိဘဲ သင့်တင့်စွာလည်ပတ်ဆောင်ရွက်လျက်ရှိကြောင်း တွေ့ရှိရပါသည်။

ဇယား (၁၁) ကျေးရွာတွင်းရှိလူထုအခြေပြုအဖွဲ့အစည်းများ

| စဉ် | အဖွဲ့အစည်းအမည် | အမျိုးအစား (မှန်ရာတစ်ခုကိုသာရွေးရန်) | အဖွဲ့ဝင်ဦးရေ | | | လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်။) | စွမ်းဆောင်နိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်) |
|---|---|---|---|---|---|---|---|
| | | | ကျား | မ | ပေါင်း | | |
